# သက်စမ်းရေ



## ချစ်ခြင်းမေတ္တာ၏ တရားသဘော

### စစ်သည်တစ်ဦး၏ ကြီးမားသော ယုံကြည်ခြင်း

*(ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး (၈)မှ ထုတ်နှုတ်ဖော်ပြသည်)*

ဣသရေလနိုင်ငံ၊ ကပေရနောင်မြို့တွင် တပ်စွဲထားသော ရောမစစ်တပ်မှစစ်သည်(၁၀၀)မှူးမာကပ်(စ)ဆိုသူက ယေရှု စတင်လှုပ်ရှားချိန်မှစ၍ သူ၏အသွားအလာကိုထောက်လှမ်းစောင့်ကြည့်ရသည့်တာဝန်ကို ယူခဲ့ရပါသည်။ တရားဥပဒေစိုးမိုးမှုကိုထိန်းသိမ်းရန်တာဝန်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဂါလိလဲဒေသမှ ရောမအုပ်ချုပ်မှုအား ဆန့်ကျင်ထကြွစေမည့် အပြောအဆို တစ်စုံတစ်ခုပြုလုပ်ကျူးလွန်မှုရှိမရှိတာဝန်မှာ မားကပ်(စ)၏ တာဝန်ဖြစ်၏။

ကောင်းကင်ဘုံရှိဘုရားသခင်၏မေတ္တာနိုင်ငံတော်အကြောင်း ဟောပြောချက်များကိုမကြာခဏ ကြားရသောအခါ သူကယေရှုဆိုသူအား သံသယကင်းလာကာ လေးစားလာခဲ့လေသည်။ ယေရှု ပြောပြသောနိုင်ငံတော်ဆိုသည်မှာဝိညာဉ်ရေး(လောကုတ္တရာရေး) နှင့်သာဆိုင်ကြောင်း သူသဘောပေါက်လာလေသည်။ လောကီနိုင်ငံရေးနှင့် မပတ်သက်သဖြင့် ရောမအင်ပါယာအား အန္တရာယ်ပေးမည်မဟုတ်ကြောင်းနှင့် ရောမအင်ပါယာသည် မည်မျှပင် တန်ခိုးအင်အားကြီးမားသော်လည်း ယေရှုဟောကြားနေသည့် မေတ္တာတရားကင်းမဲ့နေကြောင်းမားကပ်(စ)နားလည်လာပေသည်။

တစ်နေ့တွင် သူယုံကြည် အားထားရသည့် ရဲဘော်တစ်ယောက် အပြင်းဖျားလေသည်။ ယေရှုက ရောဂါဝေဒနာခံနေကြ ရသူများအား ကုသပျောက်ကင်းစေသည်ကို သူအမှတ်ရမိသည်။ ကိုယ်လက်သေသူ၊ မျက်စိကန်းသူစသည့်ဝေဒနာခံနေကြရသူများသည် အံ့ဖွယ်နိမိတ်လက္ခဏာအားဖြင့်ပျောက်ကင်းသွားကြသည်ကို မျက်မြင်တွေ့ဖူးသည်။“ငါ့တပည့်ကိုလည်းပျောက်ကင်းအောင် သူကုသပေးမလားမသိဘူး” တပ်မှူးတွေးတောမိသည်။

ယေဘုယျအားဖြင့် မားကပ်(စ)သည် ယုဒလူတို့၏ ဓလေ့စရိုက်ကို လေးစားသည်။ ကပေရနောင်မြို့၌ တရားဇရပ်ဆောက်လုပ်စဉ်က သူအလှူငွေထည့်ခဲ့ဖူးသည်။ ယုဒအကြီးအကဲတို့က သူဒါနပြုသည့်အတွက် သူ့ကိုနှစ်သက်ကြသည်။ မည်သို့ပင်ဖြစ်စေ ယေရှုထံချဉ်းကပ်ပြီး အကူအညီတောင်းဖို့က သိပ်တော့မလွယ်လှ။ ရောမသား(တစ်ပါးအမျိုးသား) တစ်ယောက်အနေနှင့် ယုဒလူထံအကူအညီမတောင်းခံသင့်။ ယုဒတို့က နိုင်ငံခြားသားများနှင့်ဆက်ဆံလေ့မရှိ။ ကဲသာဘုရင်၏ စစ်သားများကိုကားဝေးစွ။ သို့သော် မေ-တ္တာပြလျက် လူတို့ကို အလေးဂရုပြုတတ်သူ ယေရှုက သူ့လူမျိုးကိုကျော်လွန်ပြီး မိမိနိုင်ငံကို ကျူးကျော်အနိုင်ယူ သိမ်းပိုက်ထားသည့် ရောမစစ်ဗိုလ်တစ်ဦးကို ကူညီပါ့မလား?

ဘာပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်လာမည်ဟု မျှော်လင့်ပြီး နောက်ယေရှုနှင့်တွေ့ဖို့ဆုံးဖြတ်ကာထွက်လာခဲ့လေသည်။ ယေရှုကို တွေ့ပါပြီ။ တရားနာနေကြသည့် ပရိတ်သတ်က သူလာနေသည်ကိုတွေ့လိုက်သည်နှင့် ရှဲသွားကြသည်။ သံသယစိတ်နှင့်တီးတိုး ပြောနေကြသည်။ တပ်မှူးမားကပ်(စ)က ရောဂါစွဲနေသော သူ့ရဲဘော်အား ကုသပေးပါရန် လျှောက်ထားလာသည်ကို ပရိတ်သတ်ကြီးကြားသိသွားသောအခါ အံ့အားသင့်သွားကြသည်။

ဩဇာကြီးသော ရောမတပ်မှူးကြီးတစ်ယောက်အနေနှင့် လူအများရှေ့၌ ယုဒလူတစ်ဦးအား ဤသို့တောင်းရခြင်းမှာ အလွန် သိက္ခာကျဖွယ်ဖြစ်သောကြောင့် ချက်ချင်းပင်အကူအညီပေးဖို့ လက်ခံကာ လူနာရှိရာသို့လိုက်သွားရန်ပြင်ဆင်လိုက်တော့၏။

မားကပ်(စ)က "အရှင်သခင်၊ ကျွန်တော့်နေအိမ်သို့ ကိုယ်တော်တိုင် ကြွတော်မမူပါနှင့်၊ ကျွန်တော့်အိမ်အရိပ်သည် သခင်ကိုယ်တော်နှင့် မထိုက်တန်ပါ။ ကိုယ်တော်က ပျောက်စေဟုသာ မိန့်ကြားရုံဖြင့်ရောဂါပျောက်ကင်းသွားမည်ကိုယုံပါ၏" ကျွန်တော်သည်သြဇာရှိသူဖြစ်ပါ၏။ အမိန့်ပေးရသူလည်းဖြစ်ပါ၏။ လက်အောက်ရှိစစ်သည်များအားသွားလာဟုအမိန့်ပေးသည့်အခါ သူတို့သည်အမိန့်နာခံလျှက် သွားကြလာကြရပါ၏။ ဤအလုပ်ကိုလုပ်ဟုခိုင်းလျှင် သူတို့လုပ်ကြရပါ၏။ သခင်က ယခုရောဂါ ပျောက်ကင်းစေဟု အမိန့်ရှိလျှင် ထိုအတိုင်းဖြစ်ရပါလိမ့်မည်" ဟုရှင်းပြ၏။

ထိုစကားကိုကြားသောအခါယေရှုသည်သဘောကျလျက် အနားတွင်ရှိကြသူ အပေါင်းအား "ဤမျှလောက် ယုံကြည်ခြင်း ခွန်အားကြီးမားသူကိုငါတစ်ခါမျှမတွေ့စဖူး၊ ဣသရေလတစ်တိုင်းလုံး၌မရှိ" ဟုမိန့်တော်မူ၏။ သူ့လူမျိုးဖြစ်သော ယုဒတို့အား ဤသို့ပြောခြင်းသည် ထိတ်လန့်ဖွယ်ရာဖြစ်၏။ ဤရောမနိုင်ငံသားသည် ယုဒလူအပေါင်း (ဘုရားတရားကိုင်းရှိုင်းသူများအပါအဝင်) ထက်သာလွန်သော ယုံကြည်ခြင်းရှိ၏။ ယုဒတို့သည် ရိုးရာဓလေ့ စံနှုန်းနှင့် ဝတ်ပြုနည်းများကို ရှိသေခြင်းဖြင့် လိုက်နာသူများဖြစ်ကြသောကြောင့်ထူးခြားသော မှတ်ချက်ဖြစ်ပေ၏။ ယေရှုကတပ်မှူးဘက်သို့လှည့်ကာ "သင်ပြန်နိုင်ပြီ၊သင်ယုံကြည်သည့်အတိုင်းဖြစ်ရမည်"။ မားကပ်(စ)သည်လည်း ယုံကြည်ခြင်းအပြည့်ဖြင့် ပြန်သွားလေ၏။ ဖျားနာသော သူ့တပည့်သည် ထိုသို့အမိန့်ရှိစဉ်တွင်ပင် ရောဂါပျောက်ကင်းခွင့်ရရှိကြောင်းသမ္မာကျမ်းကဖော်ပြထားသည်။ရောမတပ်မှူးသည်လည်းယေရှုရှင်၏သနားခြင်းကရုဏာနှင့်ပြည့်စုံ၍ အလုံးစုံကိုနားလည်တတ်စွမ်းနိုင်ကြောင်း နှိမ့်ချသောစိတ်ထားဖြင့် ယုံကြည်ခဲ့သောကြောင့် ကောင်းရာဘုံသို့ဝင်စားခွင့်ရလေသတည်း။

## စဉ်းစားဆင်ခြင်ရန်

၁။ အထက်ဖော်ပြပါအဖြစ်အပျက်က ဆုတောင်းခြင်းနှင့် ဆုတောင်းခြင်းကို နားညောင်းခြင်းတို့အားနားလည်စေပါသည်။ ဘုရားသခင်သည်အံ့ဖွယ်သောအမှုကိုပြုနိုင်ကြောင်းတပ်မှူးက ယုံကြည်ခဲ့သည်။ နိမိတ်လက္ခဏာတစ်ခုခုပြသမှမဟုတ်ယေရှု၏ နှုတ်ထွက်စကား၌သစ္စာတရားသည် တည်လျှက်ရှိ၏။ ယေရှု သည် လူနာရှိရာအိမ်သို့သွားကာလူနာကိုတွေ့ဖို့မလို။ ယေရှုက "သင့်ယုံကြည်ခြင်းဖြင့်လုံလောက်ပြီ" ဟု သူ၏ဝါဒများ၌ အမြဲမိန့်ကြားလေ့ရှိသည်။ ယေရှုအလေးပေးဖော်ပြလိုသည့်အချက်က သူ့ကိုဆုတောင်းခြင်းနှင့် သူ၏နားညောင်းတော်မူခြင်းတို့သည် တောင်းခံသူက အကျိုးရလိမ့်မည်ဟု ယုံကြည်ခြင်းခွန်အားရှိသည့် အတိုင်းအတာပေါ်တွင် တည်နေကြောင်း လူတို့အား နားလည်စေလိုပါသည်။ (မ။ ၉း၂၉၊ မာ၊ ၁၀း၅၂၊ လု၊ ၁၇း၁၉တို့ကို ဆက်လက် ဖတ်ရှုကြပါ။)

၂။ ရောမအရာရှိသည် သူ၏ဆုတောင်းသံကိုနားညောင်းခွင့် ရဖို့နှစ်ရှည်လများ တရားကျင့်ခဲ့သူမဟုတ်၊ အချိန်ကြာမြင့်စွာ ဘာသာရေးလည်း မလုပ်ခဲ့ပါ။ သူသည် ကလေးသူငယ်တစ်ယောက်ကဲ့သို့ ယုံကြည်ခြင်း ရှိခဲ့သောကြောင့်ဘုရားသခင်၏ကောင်းချီးကို ခံစားခဲ့ရခြင်းဖြစ်သည်။

၃။ ရောမတပ်မှူးသည် သူ၏ယုံကြည်ခြင်းကိုတိကျခိုင်မာစွာ ဖော်ထုတ်နိုင်ခဲ့သည်။ သူက"ယေရှုတစ်ခုခုတော့လုပ်နိုင်ကောင်း လုပ်နိုင်လိမ့်မယ်" ဟုတွေးတောနေသူမဟုတ်၊သူက"သခင်၏နှုတ်မှ အမိန့်ကိုသာပေးလိုက်ပါ၊ ကျွန်တော်မျိုးရဲ့တပည့်အမှန်ပျောက်ကင်းသွားပါလိမ့်မည်" ဟုပြောခဲ့၏။ ယေရှုကိုယုံကြည်ကြောင်းပြသရုံမျှမက ဝန်းကျင်ရှိလူအုပ်ကြီးအား သူ၏ယုံကြည်ခြင်းကို ဖော်ထုတ်ခဲ့ပေသည်။ ဤသို့ဖြင့်သူသည်အခြားသူတို့အား သူ၏ ယုံကြည်ခြင်းနှင့်သခင်ကိုယ်တော်၌အားထားခြင်းနှစ်ရပ်ကြောင့် မည်သို့အကျိုးရှိသည်ကို လူအများတွေ့မြင်စေနိုင်ခဲ့သည်။

၄။ တပ်မှူးကြီးသည် ဘုရားသခင်က သူ့အားမစနိုင်စွမ်း ရှိသည်ဟူသောယုံကြည်ခြင်းကို သူ၏သြဇာသတ္တိမှ ရရှိသည် မဟုတ်၊ အမှန်စင်စစ်သူသည် သူ၏အားနည်းချက်နှင့်သူ့လိုလူ၏နေအိမ်သည် သခင်ယေရှုကိုယ်တိုင်ကြွဝင်ဖို့ပင်မထိုက်တန်ကြောင်းသူကဝန်ခံခဲ့သည်။ တပ်မှူး၏လူမျိုးဘာသာယဉ်ကျေးမှု တို့မတူညီသည်ကိုယေရှုကအမှုမထား မခွဲခြားခဲ့ပါ။ စင်စစ် သမ္မာကျမ်းကယေရှုသည်"လူအားလုံး(အထူးသဖြင့်ယုံကြည်သူတို့) အတွက်ကယ်တင်ရှင်" ဖြစ်ကြောင်းဖော်ပြခဲ့၏။ (၁တိ။၄း၁၀) ဘုရားသခင်ထံမှ အမအစတောင်းခံရန်မထိုက် တန်ဟုကျွန်ုပ်တို့သည် ရံဖန်ရံခါ ခံစားတတ်ကြရသည်။ သို့သော် သူ၏မေတ္တာတော်ကို ဆုတောင်းခြင်းတန်ခိုးဖြင့် လူသားအားလုံးခံစားခွင့် ရှိပါ၏။ "ငါ့ထံသို့လာသူကိုငါသည်အလျှင်းမငြင်းပယ်" (ယော၊၆း၃၇) ဟုမိန့်ဆိုထားပါသည်။တကယ်တော့သူ၏မေတ္တာ သည်အံ့ဖွယ်ကောင်းလေစွ။

၅။သခင်ယေရှုပြသတော်မူခဲ့သောဥပမာတော်များအားခရစ်ယာန်များက အတိတ်အရိပ်များသာဖြစ်သောကြောင့်"ဝေးလွန်းလှသည်၊ ဘုရားက တို့နဲ့ဝေးလှသည်၊ကောင်းကင်ဘုံဆိုတာကလည်းအဝေး မှာသာရှိတာ၊ ယေရှုရှင်အသေခံခဲ့တယ်ဆိုတာကြာပဲကြာမှပဲ၊ ဒီလို(အံ့ဖွယ်)အမှုတွေကို အခုမတွေ့ရတော့ဘူး" စသည်ဖြင့်တွေးတတ်ကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းပါ၏။ ဘုရားသခင်သည် ယ

နေ့ပင် အံ့ဖွယ်နိမိတ်များကို ပြသနိုင်စွမ်းရှိနေ၏။ ဘုရားရှင်အား သစ္စာရှိသောဘုရားဟု ယုံကြည်သူတို့အဖို့ယခုပင်ပြသလျှက် ရှိနေဆဲဖြစ်၏။ ဘုရားသည်ရှေးမဆွကာလနှင့်ထပ်တူ ယနေ့ တည်ရှိနေဆဲဖြစ်၏။ “ငါဘုရားဖြစ်တော်မူ၏၊ မပြောင်းမလဲသောဘုရား”(မာလခိ၊ ၃း၆) ဟုနားလည်ကြပါစို့။

၆။ သမ္မာကျမ်းထဲ၌ဘုရားသခင်ထားတော်မူခဲ့သည့်ကတိတော်အများအပြားရှိပါ၏။ ထို့ကြောင့် သင်ဆုတောင်းပတ္တနာပြုသည့်အခါ ထိုကတိတော်များကို ဖော်ညွှန်းပါ။ သတိပေးပါ။ ဤသို့ပြုခြင်းဖြင့် ထိုကတိတော်များကို သင်မည်မျှယုံကြည်သည်ကို ဖော်ပြရာလည်းရောက်ပါသည်။ ဘုရားသခင်က ထိုအမှုတော်ကို နှစ်သက်တော်မူပြီး သင့်ဆုတောင်းသံကိုနားညောင်းတော်မူလိမ့်မည်။
(ဟေဗြဲ။ ၁၁း၆ ကိုကြည့်ပါ။)

၇။ သင့်ဆုတောင်းချက်ကို ဘုရားသခင်က နားညောင်းလိမ့်မည်ဆိုသည်ကို ယုံကြည်ရုံသာမက သေချာစေလိုပါက အံ့ဖွယ်ကောင်းသည့် အောက်ပါကျမ်းပိုဒ်များကို ဆုတောင်းသည့်အခါတိုင်း (သို့)ကူညီမစမှုလိုသည့်အခါတိုင်း ရွတ်ဆိုတင်ပြပါ။
-ယော၊ ၁၅း၇ ‘သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကိုတောင်း၍ရကြလိမ့်မည်။”
-ယေ၊ ၁၉း၁၃ “ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင်တွေ့ကြလိမ့်မည်။”
-၁ယော ၃း၂၂ “ငါတို့သည်ပညတ်တော်ကို စောင့်ရှောက်၍၊ နှစ်သက်တော်မူသောအကျင့်တို့ကို ကျင့်သောကြောင့်၊ဆုတောင်းသမျှတို့ကို ဘုရားသခင်ထံတော်မှရကြ၏။”
-၁ယော ၅း၁၄၊ ၁၅။ “ငါတို့သည် ဘုရားသခင်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊ ငါတို့သည်အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင်၊ဘုရားသခင်သည်နားထောင်တော်မူ၏။ ဆုတောင်းသမျှသောစကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင်၊အထံတော်၌တောင်းသောဆုတို့ကိုရမည်ဟုသိရကြ၏။”

## ချစ်ခြင်းမေတ္တာ၏တရားသဘော

ယေရှုကို ချစ်မြတ်နိုးယုံကြည်လျှက် နောက်တော်သို့လိုက်နေသူ ခရစ်ယာန်အများစုက“ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏။”(ယော၁၄း၆) ဟုယေရှု မိန့်ဆိုချက်ကို သိရှိပြီးနောက် ယေရှုကို သူတို့၏စိတ်နှလုံးအတွင်း၌လက်ခံခဲ့ကြ၏။မေတ္တာတော်ကိုလည်း ရရှိနေပြီဖြစ်၏။ သို့တိုင်အောင် ယေရှုနှင့်ဆက်ဆံမှုသည် ပြီးပြည့်စုံသည်ဟုမခံစား၊ ကတိတော်နှင့်အညီ ဘဝအသက်တာ၌ မပြည့်ဝ၊ မေတ္တာနှင့်ပျော်ရွှင်ခြင်းကိုလည်းမရရှိကြ-တစ်ခုခုလိုနေသေးသည်။

ဤသို့သောခရစ်ယာန်များသည်ခွန်အားမရှိ၊ တွန်းအားမရှိ၊ တန်ခိုးလည်းမရှိကြ။ ၎င်းတို့ဘဝတသက်တာ၌ အသက်မပါ၊ အေးစက်စက်နှင့် သမားရိုးကျ ဘာသာရေးထုံးနည်းများစွဲကိုင်ထားကြသည်။ ဓမ္မသစ်(ခရစ်ဝင်)ကျမ်းတွင် ကျွန်ုပ်တို့တွေ့ရသည်။ တပည့်တော်တို့အားယေရှုကတက်ကြွလှုပ်ရှားစေခဲ့သည့်စိန်ခေါ်မှုနှင့်ပြီးသောအသက်တာသည်သူတို့ဘဝနှင့်မည်သို့မျှမဆိုင်သကဲ့သို့ ရှိနေကြ၏။

ထို့ပြင်ခရစ်ယာန်အတော်များများသည် ဘုရားသခင်က သူတို့၏အသက်တာအားချစ်ခြင်းမေတ္တာ၊ဝမ်းမြောက်ရွှင်လန်းခြင်း၊ တန်ခိုးခွန်အားဖြင့် ပြည့်ဝစေခြင်းဖြင့် သူတို့၏စိတ်ဝိညာဉ်ကို နှစ်သိမ့်မှုပေးကာ တက်ကြွစေနိုင်သည်ကို မသိနားမလည်ကြ သည်မှာဝမ်းနည်းစရာပင်တည်း။ ယေရှုကသူရှင်ပြန်ထမြောက် ပြီးသောအခါတွင်သူ့တပည့်တော်တို့အားနှစ်သိမ့်သူ(ဥပဇ္ဈာယ်ဆရာ) ကိုစေလွှတ်ပေးမည်ဖြစ်ကြောင်းနှင့် ထိုဆရာကလမ်းပြသွန်သင်မှု ပေးကာ “တန်ခိုးနှင့်လည်းပြည့်ဝစေမည်” ဟုကတိတော်ထားခဲ့ ပေသည်။ ဤတန်ခိုးအာဏာရရှိသောအခါ“လောကီနိုင်ငံအရပ်
ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိ တရားကိုဟောကြလော့” ဟုမိန့်မြွက်ခဲ့သည်။ (လု။ ၂၄း၄၉၊ ယော။ ၁၄း၂၆၊ မာ။ ၁၆း၁၅) သူ၏သားသမီးများအတွက် ထားခဲ့သော ဘုရားသခင်၏တန်ခိုးတော်ဆိုသည်မှာအခြားမဟုတ်သန့်ရှင်းသော ဝိညာဉ်တော်ပင်ဖြစ်သတည်း။

မည်သူမဆိုဆုတောင်းခြင်းဖြင့် ယေရှုရှင်အားမိမိစိတ်နှလုံး အတွင်းသို့ဖိတ်ခေါ်ခဲ့သောကြောင့် ဘုရားရှင်ချပေးသော ထာဝရအသက်ကို အထိုက်အလျောက်ရရှိနိုင်ကြပါသည်။ ဤနည်းဖြင့် ဝိညာဉ်တော်ကိုလက်ခံရရှိခြင်းအားသမ္မာကျမ်းစာက“ဝိညာဉ်တော်(၌) မွေးသောသူ (ယော၊ ၃း၈) ဟုခေါ်ပါ၏။ သို့သော်ဝိညာဉ်တော် အပြည့်အဝ ရယူခံစားခြင်း(သို့) (သမ္မာကျမ်းစာကဖော်ပြသော) ဝိညာဉ်တော်၌ဗတ္တိဇံ ခံယူခြင်းဆိုသည်က သီးခြားအတွေ့အကြုံ ဖြစ်၏။ယေရှုရှင်အားလက်ခံပြီးသည့်နောက်မှသာရရှိနိုင်ခြင်း ဖြစ်၏။

ရေတစ်ခွက်ဖြင့် နှိုင်းယှဉ်ကြည့်ကြပါစို့။ ဖန်ခွက်တွင် ရေတစ်ဝက်ရှိနေသည့်အခါ ရေအသင့်အတင့် ရှိသောကြောင့် ရေဖန်ခွက်ဟုဆိုနိုင်ပါသည်။ ခရစ်ယာန်အတော်များများသည် ထိုကဲ့သို့ဖြစ်ပါ၏။ ခွက်ထဲ၌ရေအနည်းငယ်ရှိခြင်းသည် ဘုရားသခင်၏ဝိညာဉ်တော်အနည်းငယ်ရရှိနေခြင်းဖြစ်၏။ ထိုမျှဖြင့် လည်းကောင်းကင်ဘုံသို့ဝင်ခွင့်ရရုံလောက်စံစားနိုင်ပေသည်။

ဝိညာဉ်တော်၌ဗတ္တိဇံကိုခံယူလိုက်သောအခါ၊ ထိုခွက်ထဲ သို့ရေပြည့်သည်အထိ သွန်းထဲ့ရုံမျှမက လျှံထွက်သည်အထိ သွန်းလေ ာင်းခြင်းကိုဆိုလိုသည်။ ယေရှုက“ငါ့ကိုယုံကြည်သော သူသည်၊ ကျမ်းစာလာသည့်အတိုင်းအသက်ရေထွက်ရာစမ်းရေ တွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသော်၊ ယုံကြည်သောသူသည်ခံရလတံ့သော ဝိညာဉ်တော်ကိုရည်မှတ်၍ မိန့်တော်မူ၏။ ယုံကြည်သောသူသည်ခံရလတံ့သောဝိညာဉ်တော် ကိုရည်မှတ်၍ မိန့်တော်မူ၏”(ယော၊၇း ၃၈-၃၉)ဟုရှင်ယောဟန် ကရှင်းပြထားပေသည်။

ဗတ္တိဇံ၊ ရေနှစ်ခြင်းမင်္ဂလာ(သို့) ဝိညာဉ်တော်၌နှစ်ခြင်း ခံယူခြင်းဆိုသည်မှာမေတ္တာတော်၌ ဗတ္တိဇံခံယူခြင်း၊ ဘုရားသခင်အားချစ် မြတ်နိုးခြင်းနှင့် အခြားသူများအားချစ်ခြင်းမေတ္တာထားခြင်း၊ ဘုရားသခင်အကြောင်းကို အခြားသူများထံအရောက်ပို့ခြင်း၊ မည်သူ့ကိုဖြစ်စေ မေတ္တာကရုဏာထားလျက်ကူညီမစနိုင်လောက်သော မေတ္တာစိတ်ရှိခြင်းဖြစ်ပါသည်။

အမှန်စင်စစ်ဘုရားသခင်၏ဝိညာဉ်တော်သည်မေတ္တာဖြစ်၏။ အကြောင်းမှာ“ဘုရားသခင်သည်လည်း ချစ်ခြင်းမေတ္တာဖြစ်သော ကြောင့်” (၁ ယော၊ ၄း၈)ဖြစ်၏။ထို့ကြောင့်သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းဆိုသည်မှာ ဘုရားသခင်၏ မေတ္တာကရုဏာတော်ဖြင့် ပြည့်ဝခြင်းသဘောပင်ဖြစ်၏။ တစ်ချိန်တည်းမှာပင် ဘုရားသခင်၏တန်ခိုးတော်၌ ဗတ္တိဇံကိုခံယူခြင်းဖြစ်ပြီး ထိုတန်ခိုးတော်အားဖြင့်ယေရှု ရှင်၏အကြောင်းကိုအများသူငါတို့အားပြောပြခြင်းနှင့် ယေရှု၏မေတ္တာတော်ကိုအခြားသူများနှင့် ဝေငှခံယူခြင်းလည်း ဖြစ်ပေ၏။

ဤကမ္ဘာလောကကိုစွန့်၍ ကောင်းကင်ဘုံသို့မတက်ကြွမီ သူက မိမိ၏ သာဝကတို့အား“သင်တို့အပေါ် သို့သန့်ရှင်းသော ဝိညာဉ် တော်ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍ . . . မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေ ဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏” (တ။ ၁း၈) တန်ခိုးကိုရရှိသောအခါ ယေရှုရှင်ကသူ့အတွက်သက်သေခံရန်မိန့်မှာတော်မူချက်ကိုနာခံလျှက်လူတို့အပေါ် ထားရှိသောသူ၏ မေတ္တာတော်အကြောင်းကိုလူအပေါင်းသိရှိစေရန်ပြောကြားနိုင်စွမ်းရှိလာကြမည်။




သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းကြောင့်လူတို့တွင် မေတ္တာ တော်နှင့်တန်ခိုး တော်ပို၍ ရရှိ ခံစားရုံမျှသာ မက “ဝိညာဉ်ဆုကျေးဇူး” (၁ ယော ၁၂) များကိုလည်းခံစားကြရ၏။ ထိုဆုကျေးဇူးတွင် ဉာဏ်ပညာ၊ အသိပညာ၊ (ရောဂါ)ကုသနိုင်စွမ်း၊ အံ့သြဖွယ်နိမိတ်လက္ခဏာ များပြုလုပ်ပြ သနိုင်စွမ်း၊ ရှေ့ဖြစ်ပေါ်မည့်အမှုအရာတို့ကိုကြိုတင်သိခွင့်ရခြင်း(ပရောဖက် ပြုခြင်း) အထူးထူးသောဘာသာစကားကိုပြော နိုင်ခြင်း၊ (၁ ကော ၁၂း၄-၁၀) စသည်များပါဝင်ပေသည်။ သန့်ရှင်းသောဝိညာဉ်တော် ရလျှင်ရခြင်း ထိုထိုသောတန်ခိုးအစွမ်းသတ္တိများကို လူတိုင်းရနိုင် မည်တော့မဟုတ်ပါ။ သို့သော်အချိန်ကျသောအခါဆုကျေးဇူးတစ်ပါး ဖြစ်စေ၊ တစ်ပါးထက်ပို၍ဖြ စ်စေရကြမည်။ ဓမ္မသစ်ကျမ်း၌ တပည့်သာဝကတို့ရရှိသည်ဟုဖော်ပြသည့်၄င်းစွမ်းပကားများကို ယခုခေတ်၌လည်းရရှိနေကြဆဲဖြစ်၏။ အဘယ်ကြောင့်ဆိုသော် “ယေရှုသည် မနေ့၊ ယနေ့၊နောင်ကာလအစဉ်အမြဲမပြောင်းမလဲ” နေတော်မူသောကြောင့်တည်း (ဟေဗြဲ ၁၃း၈)

“သင်ယုံ ကြည်သည့်နောက်၊သန့်ရှင်းသောဝိညာဉ်တော်ကို ခံကြပြီလော?”(တ၊ ၁၉း၂) သင်ယေရှုရှင်ကိုလက်ခံပြီးသည့်နောက် ဘုရားသခင်၏မေတ္တာတော်တန်ခိုးကိုသင့်ဘဝအသက်တာ ၌အပြည့်အဝသာမက လျှံသည့်အထိရရှိပြီလား၊ သူ၏အမှုတော်ကိုဆောင်ရွက် နိုင်ရန် “ဝိညာဉ်တော်ဆုကျေးဇူးများ”တစ်ပါးပါးကိုကောရပြီးပြီလား၊ အသက်ဝင်လှုပ်ရှားလျက်သခင်ကိုယ်တော် ၏အမိန့်တော်ကိုနာ-ခံသော ခရစ်ယာန်တစ်ဦးဖြစ်လိုပါက သင်၌ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝနေဖို့လိုပေမည်။ သို့မှသာ မေတ္တာတော်၏သရုပ်ပေါ် လျှက် လူတို့အားသက်သေဖြစ်လိမ့်မည်။ ထိုမျှမက သစ္စာစောင့်သိသောကြောင့်သင့်အတွက်ထာဝရအသက်သရဖူနှင့်ဆုလာဘ်ကိုသိုမှီး ထားရှိနှင့်ပြီးဖြစ်လိမ့်မည်။ သင်သည် ယခုပင် တောင်းခံလိုက်ရုံဖြင့်သန့်ရှင်းသောဝိညာဉ်တော်ကိုရယူနိုင်နေပါပြီ။

“သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကိုပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူ သော သင်တို့အဖသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကိုသာ၍ ပေးတော်မူမည်မဟုတ် ယေရှုသော” (လု၊ ၁၁း၁၃) ဟု ယေရှုရှင်က ကတိထားတော်မူခဲ့၏။ ဘုရားသခင်ထံမှ သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းခံလျှင် သင်သည် ဧကန်အမှန်ရပေမည်။ ယေရှု ရှင်ကိုသင့်စိတ်နှလုံး အတွင်းသို့ ကြွရောက်ကိန်းအောင်းနေကြောင်းသိရှိသကဲ့သို့ ခံစားရလိမ့်မည်။သမ္မာကျမ်းက ကိန်းအောင်း လိမ့်မည်ဟုမိန့်ဆိုထားနှင့်ပြီ(ဗျာ။ ၃း၂၀)




ဝိညာဉ်တော်ဘုရား၏ မေတ္တာတန်ခိုးကိုရရှိအံ့သော၄ာ အောက်ပါအတိုင်းဆုတောင်းပတ္ထ နာပြုပါ-

“ယေရှုဘုရားကျွန်တော်မျိုးကိုယ်တော်ရှင့်ကိုချစ်မြတ်နိုးပါ၏။ ကျွန်တော်မျိုး၏ ဘဝအ-သက်တာ၌ ကိုယ်တော်ရှင်၏ မေတ္တာနှင့် တန်ခိုးတော်ကို လိုအပ်လှပါ၏။ အလိုတော်နှင့်အညီ အမှုတော်ကို ဆောင်ရွက်နိုင်ရန်နှင့် မေတ္တာတော်၏သက်သေခံဖြစ်စေဖို့ရာ လိုအပ် သောခွန်အားနှင့် သန့်ရှင်းသော ဝိညာဉ်တော် ကိုယခုပင်ကျွန်တော်မျိုး၌ ပြည့်ဝစေတော်မူပါဘုရား၊ အာမင်”

ကျမ်း
အခြေခံများ

# သန့်ရှင်းသော ဝိညာဉ်တော်၏ တာဝန်

သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့သက်သေခံနိုင်ဖို့တန်ခိုးပေးသည်။

(တ၊ ၁း၈) "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာသောအခါ သင်တို့သည် တန်ခိုးကို ခံရ၍မြေကြီး စွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ ပါရမီများကို ဖော်ထုတ် ပေးသည်။

(ဂလာ၊ ၅း၂၂-၂၃) "ဝိညာဉ်ပကတိ၏အကျိုး မူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်သိခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။"

သန့်ရှင်းသောဝိညာဉ်တော်ကသစ္စာတရားကိုသွန်သင်ပြသပေးသည်။

(ယော၊ ၁၆း၁၃) "သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ် တော်သည်ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။"

သန့်ရှင်းသောဝိညာဉ်တော်က နှုတ်ကပတ်တော်ကိုပြသသွန်သင် ပေးသည်။

(ယော၊ ၁၄း၂၆)"သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့ အားခပ်သိမ်းသောအရာကိုပြသသွန်သင်တော်မူ၍ ငါပြောခဲ့သမျှ သောစကားတို့ကိုမှတ်မိသောဉာဏ်ကိုပေးသည်။"

သန့်ရှင်းသောဝိညာဉ်တော်က ဝိညာဉ်ဆုကျေးဇူးကို ပေးသည်။

(၁ကော ၁၂း၉) "ထိုဝိညာဉ်အားဖြင့် တယောက်သောသူ အား ယုံကြည်ခြင်းကိုပေးတော်မူ၏ . . . . အနာရောဂါငြိမ်းစေ သောအခွင့် . . . တန်ခိုးကိုပြနိုင်သောအခွင့် . . . ပရောဖက်ပြုနိုင် သောအခွင့် . . . . အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်သောအခွင့် ကိုပေးတော်မူ၏။"

သန့်ရှင်းသောဝိညာဉ်တော်က ဘုရားသခင်အားကျွန်ုပ်တို့အတွက် ဆုတောင်းပေး၏။

(ရော၊၈း၂၆)"ငါတို့သည်ဆုတောင်းသင့်သည့်အတိုင်းအဘယ် ဆုကိုတောင်းရမည်ဟုမသိကြ။သို့ရာတွင်ငါတို့ဆုတောင်းခြင်းအမှု ကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့်ဝိညာဉ်တော်သည်စောင်မတော်မူ၏"

သန့်ရှင်းသောဝိညာဉ်တော်ကကျွန်ုပ်တို့အားနှစ်သိမ့်မှုကိုပေးသည်။

ယော၊ ၁၅း၂၆ "ဝိညာဉ်တော်တည်းဟူသောခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတံ့သော(ဥပဒ္ဒေ့ယ် ဆရာ)သည် ရောက်လာသောအခါ ငါ၏အကြောင်းကိုသက်သေခံလိမ့်မည်။

# နောက်ဆုံးသော ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သာဓကများ

ရှေးမဆွကပင် လူတို့သည်အနာဂတ်ကို မှန်းဆ သိမြင်လိုသည့် ဆန္ဒရှိခဲ့၏။ ပညာရှိများ၊ ဗေဒင်နက္ခပညာရှင်တို့က ကြိုးစား၍ရှေ့ရေးကို ဟောကိန်းထုတ်ခဲ့ကြသည်။ ဘုရားသခင်၏ တန်ခိုးပါသောအခါ သူတို့၏ ဟောကိန်းများသည် အံ့သြဖွယ် ကောင်းလောက်အောင် တိကျ မှန်ကန်ကြသည်ကို တွေ့ရ၏။ (ပရောဖက်ပြု)ဟောခဲ့သည့်အတိုင်း မှန်ကန်ပုံများကို ကျမ်းစာတော်မြတ်၌ များစွာဖော်ပြထားပေသည်။ ဥပမာ မေရှိယ (ကြွလာခြင်း) နှင့်ပတ်သက်၍ ဓမ္မဟောင်းကျမ်း၌ တွေ့ရှိရသည်။ ရာစုနှစ်ပေါင်းများစွာကြာပြီးနောက်ဟောခဲ့သည့် အတိုင်း ယေရှုခရစ်တော် ပေါ်ထွန်းသက်ရှင်ခြင်း၌ပြည့်စုံခဲ့ကြောင်း တွေ့ရပါသည်။

သမ္မာကျမ်းပါ ပြည့်စုံပြီးဖြစ်သော ဗျာဒိတ်များအပြင် ကျမ်းစာ၌ ကပ်ကမ္ဘာကုန်ဆုံးချိန်ဟု အချို့က ခေါ်ကြသော (နောက်ဆုံးသောကာလ)အကြောင်းပါရှိပေသည်။ အတိအကျ ပြောရလျှင်ထိုကာလသည် ယေရှုခရစ်တော် ဒုတိယအကြိမ် ကြွလာခါနီးတွင် ဖြစ်ပေါ်လာလိမ့်မည်။

"နောက်ဆုံးသောကာလ"နှင့်ပတ်သက်သည့် ဗျာဒိတ်တော်များသည် ကြိုတင်ဟောပြောထားသည့်အတိုင်းဖြစ်ပေါ်မလာသေးပါ။ ခြုံ၍-ကြည့်သောအခါ ယေရှုကြွလာချိန်နီးပြီဖြစ်ကြောင်း ထူးခြားသော သက်သေသာဓကေ(နိမိတ်)များအားဖြင့် သိရှိနေကြရပါပြီ။ ထိုသို့ ကိုယ်တော်ရှင်ကြွလာသောအခါ သူ၏နိုင်ငံတော်ကို ဤမြေကြီး ပေါ်၌ တန်ခိုးအာနုဘော်ဖြင့် တည်ထောင်သည်ကို တွေ့ကြရ လိမ့်မည်။

". . ကိုယ်တော်သည်ကြွလာ၍ ဤကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည်အဘယ်နိမိတ်ဖြစ်မည်ကိုလည်းကောင်းအမိန့်ရှိပါ။" (မ၊ ၂၄း၃) ဟု တပည့်သာဝကတို့က မေးမြန်းလျှောက်ထားသောအခါ ယေရှုကိုယ်တော်တိုင်၏ ဖြေကြားချက်များ၌ အချို့သော ကြိုတင်ဟောပြောချက်များ ပါရှိခဲ့ပါသည်။ ဖော်ပြမည့် စာစဉ်၌ ဓမ္မသစ်ကျမ်းပါ ယေရှုမိန့်မြွက်ခဲ့သော အနာဂတ်တွင် ဖြစ်ပေါ်လာမည့် နိမိတ်လက္ခဏာများသည် ယခုပင် စတင်နေပြီဖြစ်ကြောင်း လေ့လာတင်ပြမည်ဖြစ်ပါသည်။

## စစ်မက်အင်္ဂါများ

"သင်တို့သည် စစ်တိုက်ခြင်းအကြောင်းကိုငှင်း၊စစ်တိုက်အံ့ သောသတင်းစကားကိုငှင်းကြားရကြလိမ့်မည် . . " ယေရှုဟောပြောချက် (မ၊ ၂၄း၆) "လူတမျိုးနှင့်တမျိုး တနိုင်ငံနှင့်တနိုင်ငံ ရန်ဖက်ပြုကြလိမ့်မည်။"

ကမ္ဘာကြီး၌စစ်မက်တိုက်ခိုက်ခြင်းကင်းသောကာလဟူ၍ မရှိခဲ့ပါ။ သို့သော် ၂၀ရာစုနှစ်လောက်စစ်မှုစစ်ရေးပြင်းထန်သည့် ခေတ်ကာလဟူ၍မရှိခဲ့ပါ။ ပထမနှင့်ဒုတိယကမ္ဘာစစ်ကြီးများ၌ တစ်ကမ္ဘာလုံး ပါဝင်ခဲ့သည်မဟုတ်ပါလား။ ထိုစစ်များကြောင့် လူအသေအပျောက်များခဲ့သည်။ ဒုတိယကမ္ဘာစစ်၌ လူ၉၃သန်းကျော်တို့သည် တစ်ဖက်မဟုတ်တစ်ဖက်တွင် ပါဝင်ခဲ့သည်။ လူ၂၅သန်းသေကျေပျက်စီးခဲ့သည်။ အရပ်သားများလည်း အသက်ချမ်းသာမှုမရခဲ့ကြ။ ဆိုဗီယက်ပြည်ထောင်စုတစ်ခုတည်းတွင် စစ်ဘေး ဒဏ်ကြောင့် အရပ်သား သန်း၂၀ ပျက်စီးခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် အကြီးစားပဋိပက္ခမှုပေါင်း ၁၄၉ခုဖြစ်ပွားခဲ့ရာ တစ်နှစ်လျှင် လူ၁၀၀၀နှုန်းအသက်ဆုံးရှုံးခဲ့ရသည်။ စုစုပေါင်း ၂၃သန်းသေကျေပြီး သန်း၆၀ကျော်ဒဏ်ရာ ရရှိခဲ့ကြသည်။ ကမ္ဘောဒီးယား တစ်နိုင်ငံတွင်ပင် အာဏာရရှိရေး အတွက် ၁၉၇၀ပြည့်နှစ်က လူ(၃)သန်းသေဆုံးခဲ့ရသည်။ မကြာသေးမီက ဘော့(စ)နီးယား၊ ရဝမ်ဒါ၊ ချေချင်းညာရှိ"လူသတ်ကွင်း" ကြီးများကအပြစ်မဲ့သူ အသက်ပေါင်း ငါးသိန်းကျော်ကို သတ်ဖြတ်ခဲ့ပေသည်။

၁၉၉၃ ခုနှစ်အတွက်ထုတ်ပြန်သော ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မှတ်တမ်းအရ ကမ္ဘာ့လူသား ၁၂၅ယောက်တွင် အနည်းဆုံးတစ်ယောက်သည် မိမိအိမ်ရာ၊ မိမိဘဝ၊ သာမန်ဘဝမှ ပြည်တွင်းစစ်၊ ညှင်းပန်းနှိပ်စက်မှု (သို့) အကြမ်းဖက်မှု တစ်ရပ်ရပ်ကြောင့်(မိမိသဘောကြောင့်မဟုတ်ဘဲ) အဓမ္မနည်းဖြင့်တိမ်းရှောင်နေကြရသူဖြစ်သည်ဟုဆို၏။

စစ်အေးကာလပြီးဆုံးသောအခါ ငြိမ်းချမ်းမှုရတော့မည်ဟုဆိုသော်လည်း ၁၉၉၂ခုနှစ်အတွက် စတော့(ခ)ဟုမ်းအပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့်သုတေသနအဖွဲ့၏အစီရင်ခံစာအရဆိုလျှင် ကြီးမားပြင်းထန်သောလက်နက်ကိုင် ပဋိပက္ခမှုပေါင်း(၃၀)ခန့် ကမ္ဘာအနှံ့ဖြစ်ပွားခဲ့ရာ အသက်ဆုံးရှုံးမှုသည် (၁၇)နှစ်အတွင်းအမြင့်မားဆုံးဖြစ်သည်ဆို၏။

နျူကလီးယားစစ်ကြောင့် ကမ္ဘာမြေကြီးပျက်သုဉ်းသွားနိုင်သောခြိမ်းခြောက်မှုသည် ယနေ့မကြားစဖူးပေါ်ပေါက်လျက်ရှိပေသည်။ စစ်လက်နက်ပြိုင်ဆိုင်မှုသည် ဆုံးခန်းတိုင်ပြီဆိုသော်လည်း ထိုအန္တရာယ်ကကြီးမားဆဲရှိသေး၏။ ဝါရှင်တန်မြို့တွင်အခြေစိုက်သော ကမ္ဘာ့ဦးစားပြုအဖွဲ့၏၁၉၉၃ခုနှစ်(နှစ်ဝက်အစီရင်ခံစာ) က အမေရိကန်ပြည်ထောင်စု၊ ရုရှ၊ ဗြိတိန်၊ ပြင်သစ်နှင့် တရုတ် နိုင်ငံတို့တွင် (အဏုမြူ) ထိပ်ဖူးတပ် ဒုံးလက်နက်ပေါင်း ၂၆၇၀၀ က အဆင်သင့် အနေအထားတွင်ရှိကြောင်း ဖော်ပြထားသည်။ အီရတ်နှင့် မြောက်ကိုးရီးယားနိုင်ငံတို့က အဏုမြူ(လက်နက်)သို့ပြောင်းလဲအသုံးပြုနိုင်သည့် အစီအစဉ်များရှိနေကာ အစ္စရေး၊ တောင်အာဖရိက၊အိန္ဒိယနှင့် ပါကစ္စတန်တို့ကလည်း အဏုမြူ စွမ်းပကားကို ပိုင်ဆိုင်လျက်ရှိပြီဟုသိရပါသည်။

လူ့သမိုင်းတွင် စစ်ရေးအတွက်အသုံးစရိတ်မှာ အမြင့်ဆုံး အဆင့်သို့ ရောက်နေပေပြီ။ ငြိမ်းချမ်းရေး သုတေသနအဖွဲ့က နှစ်စဉ် ကမ္ဘာ့ပျှမ်းမျှစစ်အသုံးစရိတ်သည်ဒေါ်လာ ၉၀၀-၁၀၀၀ ဘီလျံ ရှိသည်ဟု ခန့်မှန်းထားပါသည်။ ယူနက်စကိုအဖွဲ့အစီရင်ခံစာ၏ အခြေအနေ သုံးသပ်ပုံက၊ ၁၉၉၀ပြည့်လွန်နှစ်များ(၁၀)နှစ်ကာလအတွင်းဖျားနာခြင်း၊အစာအဟာရချို့တဲ့ခြင်းကြောင့်ကလေးသူငယ်သန်း (၁၀၀) ကျော် သေဆုံးမည်ဖြစ်ကြောင်း ထိုကလေးဦးရေ တစ်ဝက်ကို ကယ်တင်နိုင်ရန် ကာကွယ်စောင့်ရှောက်မည်ဆိုလျှင် ဒေါ်လာနှစ်ဘီလျံခွဲ ကုန်ကျဖွယ်ရှိသည်ဟု ခန့်မှန်းပါသည်။ ထိုငွေပမာဏ (၂ ဒသမ ၅ဘီလျံ) သည် ကမ္ဘာ့စစ်လက်နက်ပစ္စည်းအတွက် သုံးစွဲသော၂၃နာရီ ကုန်ကျစရိတ်မျှသာဖြစ်ကြောင်း သိရှိရပါသည်။ (တစ်နည်းဆိုသော် စစ်လက်နက်အတွက်(၂၃)နာရီ မသုံးဘဲ ကယ်တင်ရေးတွင် သုံးလိုက်ပါက ကလေးပေါင်းသန်း(၅၀) အသက်ချမ်းသာရာရမည်ဟုဆိုလိုပါ၏)။

စစ်မက်၏အနိဋ္ဌာရုံသည် ကျမ်းစာတော်မြတ်၌ ပရောဖက်ပြု (ကြိုတင်ဟောချက်)ထားမှုကို ပြည့်စုံစေလျှက်ရှိနေ၏။ သို့သော်လည်း "တပြည်ကိုတပြည်စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောက်တဖန် မသင်ရကြ" (ဟေ ၂း၄) ဆိုသည့်ကောင်းသော ပရောဖက်ပြုချက်တစ်ခုလည်း ရှိပါသေးသည်။ ထိုအခြေအနေကောင်းသည် ခရစ်တော် ဒုတိယအကြိမ်ကြွဆင်းလာပြီး မြေကြီး (လောက)ကို အနှစ်တစ်ထောင်အုပ်စိုးစဉ်တွင် ရရှိမည့်ငြိမ်သက်ခြင်း ကာလပေတည်း။ ထို့ကြောင့်ပူပန်ခြင်းမရှိလေနှင့်။ ငြိမ်သက်ခြင်း၏အရှင်သည် မကြာမတင်မှီကြွလာကာ အဓိပ္ပာယ်ကင်းသည့်လူတို့၏ပျက်စီးနေသော၊ လူမဆန်သော၊ စစ်တိုက်ခြင်း၊အကြမ်းဖက်ခြင်းအမှုတို့ကိုချုပ်ငြိမ်းရပ်တန့်စေလိမ့်မည်။

## လုပ်ငန်းပြီးစီးမှု

တာဝန်ခွဲဝေပေးခြင်း

## အဘယ်ကြောင့်တာဝန်ခွဲဝေပေးရသနည်း?



သင်သည်လုပ်ငန်းတစ်ခု၌ စီမံခန့်ခွဲသူ၊ ကြီးကြပ်ကွပ်ကဲမှု တာဝန်ယူရသူဖြစ်ပါက လုပ်ငန်းတစ်ဆို့မှုများအကြောင်းသိပြီးဖြစ် လိမ့်မည်။ တစ်ဆို့မှုဖြစ်တတ်သည့် နေရာကို ဦးစွာစီစစ်ကြည့်ပါက သင့်လုပ်ငန်းခွင် (သင့်စားပွဲ)ပင် ဖြစ်နိုင်သည်။ "ဆောင်ရွက်ဆဲ" အမှုတွဲ (စာတွဲ)တွင်ပင်တွေ့နိုင်ပေမည်၊ အလုပ်ပုံ၏ထိပ်အပေါ်ပိုင်းတွင်တွေ့တတ်ပါသည်။ တာဝန်ခွဲဝေခြင်းဆိုသည်မှာ သင့်စားပွဲ(ခုံ)ပေါ်တွင်စုပုံပိတ်ဆို့နေသည့် စာတွဲများကိုအခြားသူ(ဝန်ထမ်း)များ၏စားပွဲခုံပေါ်သို့လွှဲပြောင်းပေးပို့လိုက်ခြင်းပင်ဖြစ်သည်။

ကျွမ်းကျင်ထိရောက်စွာ ခွဲဝေသတ်မှတ်ပေးနိုင်ခြင်းသည်ပင် လုပ်ငန်းအောင်မြင်မှု၏ သော့ချက်ဖြစ်ပေသည်။ လူ့ဘဝတွင် တစ်ယောက်တည်း ဆောင်ရွက်နိုင်ဖို့ အချိန်လုံလောက်မှုမရှိနိုင်ပါ။ အခြားလူတို့၏ အကူအညီရယူမှသာ လုံလောက်သောအချိန် ရနိုင်ပေလိမ့်မည်။

ဓမ္မဟောင်းကာလ ရှေးခေတ်ကပင် တာဝန်ခွဲဝေမှုလိုအပ်သည်ကို သဘောပေါက်ထားကြပါသည်။ (ထွ။ ၁၈း ၁၃-၂၆) ဘယ်လုပ်ငန်းသည် ကိုယ်တိုင်ဆောင်ရွက်ဖို့လိုပြီး ဘယ်အလုပ်ကိုမူ အခြားသူတို့အား စေခိုင်းတတ်ခြင်းသည် အားလုံးအတွက် အကျိုးဖြစ်ထွန်းစေတတ်၏။

အလုပ်တစ်ခု အောင်မြင်စွာ ပြီးစီးရန်မှာ ကိုယ်ကိုယ်တိုင်လုပ်မှဟုယူဆလျှင် မမှန်ပါ။ သင်၌ ကန့်သတ်ချက်တစ်စုံတစ်ရာ ရှိနိုင်ပေသည် ထို့ပြင် ကိုယ်တိုင်ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းထိရောက်မှုအဆင့် ကျဆင်းနိုင်ပေသည်။ လုပ်ငန်းတိုင်းတွင် ကိုယ်တိုင်ကိုယ်ကျအနည်းငယ်စီပါဝင်ကာ လှုံ့လစိုက်မိခြင်းအားဖြင့် ဘယ်အလုပ်တစ်ခုခုကိုမှ မည်မည်ရရပါဝင်ရာမရောက်တော့ချေ။

ဤသို့ဖြင့်ကိုယ်တိုင်တာဝန်ယူမှုဖြစ်မည့် လုပ်ငန်း၌ အာရုံ မစူးစိုက်နိုင်တော့ဘဲ စိုက်ထုတ်ထားရသည့်ကိုယ့်အချိန်နှင့်စွမ်းအားသည် အချိုးမကျဖြစ်ကာ အကျိုးရသင့်သလောက်မရဘဲဖြစ်သွား တတ်ပါသည်။

ဝန်ထမ်းများအား ခွဲဝေပေးသည့်တာဝန်ကို ကျေပွန်စွာယူ တတ်ဖို့ကို အချိန်ယူ၍လေ့ကျင့်ပေးရပါမည်။ သို့မှသာ နောက်ဆုံးအချိန်၌ အချိန်နှင့်စွမ်းအား(လုပ်အား)ကို ခြိုးခြံရာရောက်သည်။ မအားမလပ်သောကြောင့် တာဝန်ခွဲဝေမှု မပြုနိုင်ဟုဆိုခြင်းသည် (မအားသေးလို့ အိမ်သာမတက်ရသေးဘူး)ဟုဆင်ခြေပေးခြင်းနှင့် ထပ်တူဖြစ်နေသည်။ စီမံကိန်း(အစီအစဉ်)ဆွဲဖို့အချိန်သည် အဓိကဖြစ်သည်ကို အထူးရှင်းဖို့လိုမည်မဟုတ်ပေ။

မိမိအား အကူအပံ့ပြုသူသည် အဆင့်နိမ့်လွန်းသည်ဟု သတ်မှတ်ခြင်းသည်လည်း မိမိလက်အောက်ဝန်ထမ်းနှင့်လုပ်ဖော်ကိုင်ဖက်များအား အထင်အမြင်သေးရာ ရောက်ရုံမက မှားယွင်းသော ယူဆချက် ဖြစ်ပေသည်။ အမှန်စင်စစ် ဝန်ထမ်းတို့အားစမ်းသပ်တာဝန်ပေးရပါမည်။ သို့မှသာ ၎င်းတို့လည်း အတွေ့အကြုံ ရရှိလာပြီး ကျွမ်းကျင်မှုအဆင့်မြင့်လာပေမည်။ ထို့ကြောင့် စမ်းသပ် တာဝန်ပေးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပေသည်။

## တာဝန်ခွဲဝေမှု၏အဓိကအချက်ကြီးများ

- ♦ တာဝန်ချပေးသည့်အခါ အမိန့်နှင့်ခိုင်းစေခြင်းမဟုတ်ဘဲ မေတ္တာရပ်ခံခြင်းသဘောဖြစ်ပါစေ။ ပေးအပ်သည့် အလုပ်တာဝန် အရေးကြီးသကဲ့သို့ ပေးအပ်ပုံပေးအပ်နည်းသည်လည်းမှန်ကန်ဖို့ အရေးကြီးပါသည်။

- ♦ တာဝန်ယူလုပ်ကိုင်မည့်ဝန်ထမ်းသည် အလုပ်သဘောကို မှန်ကန်စွာသိမြင်ရမည်။ ထိုအလုပ်ကိုလုပ်ကိုင်နိုင်စွမ်းလည်းရှိရမည်။

- ♦ တာဝန်ပေးအပ်စဉ် အလုပ်သဘောကို ရှင်းလင်းမှန်ကန်စွာ ဖော်ပြပါ။

- ♦ အလုပ်မစမီ မိမိ၏သဘောတူခွင့်ပြုချက်ကိုပေးရာတွင် နှောင့်နှေးပါက ဝန်ထမ်းများ၏အလုပ်ချိန်ကို(သင်က)ဖြုန်းတီး ရာရောက်သည်။ မိမိ၏ဆုံးဖြတ်ချက်ကိုဆောလျင်စွာပေးပါ။

- ♦ အလုပ်လုပ်သူအားထိုက်တန်သောဆုချီးမြှင့်ပါ။

- ♦ အချိန်နှင့်လုပ်အားသည် ပေးအပ်ထားသော အလုပ်တာဝန်နှင့် မျှတ ထိုက်တန်မှု ရှိပါစေ။

- ♦ အလုပ်တစ်ခုပြီးစီးသည်အထိ လုပ်ကိုင်ရန်အားပေးပါ။ မပြီးမပြတ်တစ်ပိုင်းတစ်စအလုပ်မျိုးမဖြစ်ပါစေနှင့်။

- ♦ တာဝန်လွှဲရာတွင် လုပ်ပိုင်ခွင့်ကိုလည်းပေးအပ်ပါ။ အလုပ်အမျိုးမျိုးတွင် လုပ်ပိုင်ခွင့်အသီးသီးပေးအပ်ပါ။ တာဝန်လွှဲအပ်ခြင်း နှင့်ယုံကြည်စိတ်ချခြင်းသည်ယှဉ်တွဲလျက်ရှိ၏။

- ♦ ဆက်လက်ဆောင်ရွက်စရာကျန်ရှိက ဆောင်ရွက်ပါ။ ပစ်မထားပါနှင့်။ နောက်ဆုံးအလုပ် အပြီးသတ်မှုသည် သင်၏ တာဝန်သာဖြစ် သည်။နည်းလမ်းမှန်ကန်စွာဆောင်ရွက်ခြင်းဟုတ်မဟုတ် စီစစ်ပေးပါ။

## ကုန်းမြင့်ပေါ်မှလူများ



"ထိုလူအပေါင်းတို့ကိုမြင်လျှင်၊ ကိုယ်တော်သည်တောင်ပေါ် သို့တက်၍. . . တပည့်တော်တို့သည် ကိုယ်တော်ခြေတော်ရင်းသို့ ချဉ်းကပ်ကြ၏"ဟု(မ၊၅း၁)က တောင်ပေါ်တက်သောသူနှင့် တောင်အောက် တောင်ကြား၌ရှိသူတို့၏ ခြားနားပုံကိုရှင်းပြထားပါသည်။

ယေရှုသည်တောင်ပေါ်သို့တက်ကြွသွားချိန်တွင်၊လူအပေါင်း(လူအုပ်ကြီး)သည်တောင်အောက်၌ ကျန်ရစ်ခဲ့ကြသည်။တောင်၏ ထိပ်ပိုင်း၌ လူများများမတွေ့ရချေ။ တောင်တက်ရသည်မှာခက်ခဲလှသဖြ င့်တောင်တက်သူသည်အများအားဖြင့်တစ်ယောက်တည်းသာတက်တတ်ကြ၏။ တောင်တက်ဝါသနာပါ သူရှားပါးလှ၏။

တောင်ပေါ်(ကုန်းမြင့်ရာအရပ်)၌ အလင်းရောင်ပို၍ရ၏။ တောင်ချိုင့်ပိုင်းများတွင် အမှောင်အားကောင်းသည်။ လူအနေများသည်၊ အခြားအရာစုံသည်။ သို့သော်အမှောင်အားကြီးသည်။

ကုန်းမြင့်ရာ၌လေအားကောင်းသည်။ အအေးဓါတ်ပိုသည်။ စိတ်အားတက်ကြွဖို့ကောင်းသည်။

တောင်တက်မည်ဆိုလျှင် သေမှာကြောက်၍မဖြစ်၊ သေချင်သေပါစေ တက်မယ်ဆိုသော စိတ်ဓါတ်ရှိဖို့လိုသည်။ တောင်ဆို လျှင်- လူ့ဘဝ၌တွေ့ရသောတောင်များ၊ပြီးစီးအောင်မြင်သောတောင်၊ အတားအဆီး အခက်အခဲတောင်- ဘယ်တောင်ပဲဖြစ်ဖြစ်-တက်ပြီ ဆိုလျှင်အသက်စွန့်ဝံ့ရန်လိုသည်။ အခက်အခဲကို ပုံဆောင်သော၊ ကိုယ်စားပြုသောလေဒဏ်၊ အအေးဒဏ်၊ မုန်တိုင်းဒဏ်တို့ကို ကြံ့ကြံ့ ခံနိုင်ရမည်။

အခြားသူများမလုပ်သေး၊ မတွေ့သေး၊ မမြင်သေး. . ကိုယ်က အဦးဆုံးစွန့်စားလိုသူများထက် အမြင့်သို့ရောက်လိုသူ၊ အများ ဆောင်ရွက်ပြီးအခြေအနေကိုကျော်လွန်လိုသူ. . ဤစိတ်ဓါတ်ရှိသူ များသာတောင်တက်ကြသည်။ သူတို့တွင် အများသူငါ မတွေ့ဖူးသေးသော

ရှုပါရုံရှိတတ်၏။ လူအများမယုံကြည်သောယုံကြည်ခြင်း၊ သူများမလုပ်ဖူးသောအလုပ်ကို စတင်လုပ်ဆောင်လိုစိတ်၊ အမှုကိစ္စ ပြီးပြတ်သည်အထိဆောင်ရွက်ဝံ့သောသတ္တိရှိသူများဖြစ်ကြသည်။

တောင်ချိုင့်ဝှမ်းတွင်း၌ကားလူအများနှင့်ပတ်သက်ရသည်။ ရုပ်ပိုင်းဆိုင်ရာ အမှုအရာများ ပါဝင်နေကြရသည်။ အချိန်၏ စေစားမှုကိုခံနေရပြီးမကြာမီပျောက်ကွယ်ကြရမည့်သူများကိုသာ တွေ့တတ်ကြရသည်။ ထိုလူအုပ်ကြီးကိုကျော်၍ခေါင်းကိုမော့ကြည့်ပါက ထိုသူသည် လူအများအကြား အနည်းငယ်မြင့်တက်လာခြင်းကြောင့် “တောင်ကုန်း”ကဲ့သို့ ဖြစ်ပေမည်။ ထိုသို့ဖြစ်လျှင် လူအုပ်ကြီးက ထိုသူကိုနားမလည်၊ လက်မခံ၊ ကန့်ကွက်မည်၊ တိုက်ခိုက်မည်။ ထိုသူကိုမလိုလားတော့ချေ။ သူတို့ကတစ်နေရာ၌ တောင်ကုန်းတစ်ခုရှိသည်ကို မသိကြ လက်မခံကြ။အခြားသူများ သိသွားမည်ကိုလည်းမလိုလား။ တောင်ထိပ်၌ ကြည်လင်အေးမြသောလေ ရှုရှိုက်နိုင်သည်ကို မသိကြ၊ မသိလိုကြပေ၊တောင်ကြားအတွင်း ရွံ့နွံထဲ၌မြုပ်ကာပိတ်ကာသာနေလိုကြသည်။ တောင်ကြားဒေသအပြင်အခြား(ကောင်းသော)နေရာဒေသများရှိနေသည်ဟုအသိပေးခြင်း၊ ပြောပြခြင်းကိုအားမပေး၊ တောင်ကြား ကိုစွန့်၍တောင်ကုန်းပေါ်သို့တက်သွားခြင်းကိုရှုတ်ချကြမည်သာ။

တောင်ကြားအရပ်ကို လူသားတို့လွှမ်းမိုး၏။ ကုန်းမြင့်ရာ အရပ်ကိုဘုရားသခင်က စိုးမိုး၏။ ဤအဖြစ်ကို ကုန်းမြင့်မှာရှိသူ တို့ကသာသိကြ၏။ တောင်ကြားထဲမှ လူတို့က သူတို့ကိုယ်တိုင် လွှမ်းမိုးနေကြသောကြောင့် သူတို့ကိုယ်သူတို့ ဘုရားဟုအထင်ရှိကြ၏။ သူတို့က လုံခြုံလှပြီ။ ဘုရားကိုမလိုအပ်၊ ဘုရားရှိကြောင်းလည်းအမှတ်မရှိတော့။ မိုးကောင်းကင်ကိုလည်း မမြင်နိုင်ကြတော့ချေ။ သမားရိုးကျလမ်းသည် သာမန်လူတို့အတွက်ဖြစ်သော်လည်းတောင်ထွတ်များသည် ရှာဖွေစူးစမ်းသူတို့အတွက်ဖြစ်ကြ၏။

တောင်ပေါ်၌ အဘယ်သတင်းကိုသင်ကြားနိုင်သနည်း။? ကမ္ဘာလောက၌ ပွဲတင်ထပ်စေမည့် အသံများကို ကြားနိုင်၏။တိတ်ဆိတ်ငြိမ်သက်ချိန်တွင် သမိုင်းလမ်းကြောင်းကို ပြောင်းလဲပစ်မည့် တီးတိုးသံများကိုကြားနိုင်သည်။ ယဉ်ကျေးသော ကမ္ဘာကိုလွှမ်းမိုးဆဲ မွန်မြတ်ကြီးမားသည့်ဥပဒေသများကိုတစ်ယောက်တည်းသောသူအားတောင်ထွတ်တစ်ခုပေါ်၌(ဘုရားက)ပေးအပ်ခဲ့ပေသည်။မောရှေသည် ပညတ်တော်ဆယ်ပါးအား သယ်ဆောင်လျှက် တောင်ပေါ်မှ ဆင်းလာကာ ဟေဗြဲအမျိုးအနွယ်တို့နှင့်တကွ ကမ္ဘာလောကကြီးအား ပေးအပ်ရာအခြေအနေများလုံးဝပြောင်းလဲသွား ခဲ့ပေသည်။

အကြီးမားဆုံး၊ အမွန်မြတ်ဆုံး တရားဒေသနာကိုလည်း တောင်ပေါ်၌ဟောပြောခဲ့သည်။ ထိုတောင်ပေါ်ဒေသနာတရားတော်အား ကုန်းတော်ပေါ်မှ ထူးမြတ်သောပုဂ္ဂိုလ်ယေရှုက တောင်ပေါ် ရှိအနည်းငယ်မျှသောလူစုကို ဟောကြားခဲ့၏။ ထို့နောက်သူသည် သူ၏အန္တိမတောင်ကုန်းဖြစ်သော ကရာနီကုန်း(ဂေါလဂေါသ) ပေါ်သို့တက်ကြွသွားခဲ့၏။ တစ်ဦးတည်းတက်သွားပြီး တစ်ဦးတည်းပင် လောကတစ်ခုလုံး၏ အပြစ်ဒုစရိုက်အတွက် အသေခံ ယူသွားခဲ့သည်။ ထိုတောင်ကို ကျွန်ုပ်တို့အတွက် သူသာလျှင် တက်နိုင်ခဲ့သည်။ အောင်မြင်စွာအထွတ်အထိပ်သို့ ရောက်သွားခဲ့သည်။

တောင်ပေါ်ဒေသနာကို သာဝကများ ကြားနာခံယူပြီးနောက် တောင်အောက်သို့ဆင်းကာ ကမ္ဘာလောကကြီးကိုပြောင်းလဲပစ်နိုင်ခဲ့ကြသည်။ တောင်ကြားထဲ၌ရှိနေစဉ် ကြားခဲ့ရသည့်စကားများနှင့်လုံးဝဆန့်ကျင်သောတရားမြတ်ကို ဘုရားသခင်၏အသံတော် ဖြင့်ဩဝါဒပေးခဲ့၏။ တောင်ကြားထဲ၌ကား “မာနထောင်လွှား၊ အာဏာကြီးမားသည့်ရောမသားတို့သည်မင်္ဂလာရှိစေသတည်း၊ သူတို့ဆောင်ရွက်ခဲ့သမျှတို့ကိုရှုလော့၊ ကမ္ဘာတစ်လွှားကိုအနိုင်ယူခဲ့လေပြီ၊ရောမသားဖြစ်ရခြင်းကားမြတ်လေစွ”ဟုသာကြားခဲ့ရသည်။
ယခုတောင်ပေါ်မှဩဝါဒအသံနှင့်တခြားစီဖြစ်နေပေပြီ။

“စိတ်နှလုံးနှိမ့်ချသောသူတို့သည်မင်္ဂလာရှိကြ၏အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။ (မ၊ ၅း၃) ဟုလက်သမားတစ်ဦးက စာမတတ်၊ ရိုးသားသော တံငါသည်တို့အား ဟောပြောနေချေပြီ။ တရားနာခံသူတို့သည် ရောမကကဲသာဘုရင်များထက်ကြီးမြင့်သောလွှမ်းမိုးမှုအစွမ်းကိုရ ကြလိမ့်မည်။

“ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကားထိုသူတို့သည်ဖြောင့်မတ်ခြင်းသို့ရောက်ကြလတံ့(၅း၆)တောင်ပေါ်မှလူတို့သည်ဖြောင့်မတ်ခြင်း ကိုဆာငတ်နေကြရာ ဘုရားသခင်သည်သာ သူတို့၏လိုအင်ကို ဖြည့်ဆည်းနိုင်စွမ်းရှိတော်မူ၏။

ချိုင့်ထဲတောင်ကြားထဲမှ လူတို့မူကား ဝေးဝေးသို့ကျော်၍ မြင်နိုင်စွမ်းမရှိ၊ ကိုယ့်အတ္တစိတ်နှင့်ကိုယ် ကျေနပ်နေကြသည်။ “ရတတ်သောသူတို့အားလက်ချည်းလွှတ်လိုက်” ပေလိမ့်မည်။ (လု၊ ၁း၅၃) ပြောခြင်းသို့ရောက်လိမ့်မည်မဟုတ်။

“စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကားထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့”
(မ၊ ၅း၈)

တောင်ပေါ်၌လေညစ်ညမ်းမှုမရှိ၊ အခိုးအငွေ့အမှောင်ထု ကင်းစင်၏။ ရေသည်သန့်စင်၏။ လူတို့၏နှလုံးသားသည် ဖြူစင်သောကြောင့် ဘုရားကို မြင်ခွင့် ဖူးခွင့်ရကြလေသည်။

သင်သည်အပြစ်ကြောင့်ညစ်ထေးနေပါသလား၊ သို့ဆိုလျှင် သင့်အဖို့အသက်တာ ဘဝမှန်သည် ကုန်းမြင့်ပေါ်၌သာရှိ၏။ တောင်ချိုင့်ဝှမ်းမှထွက်လော့ “သင်သည်ငှက်ကဲ့သို့ ကိုယ်နေရာ တောင်ပေါ်သို့ပြေးချေ။” (ဆာ။ ၁၁း၁)